**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး(လစာနှုန်း) | ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|---|
| (က) | ဒုတိယလက်ထောက်ဦးစီးမှူး<br>( ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | သိပ္ပံဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ | (၆)ဦး |
| (ခ) | ဒု-လက်ထောက်ကွန်ပျူတာ<br>လုပ်ဆောင်ရေးမှူး<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ ) | ကွန်ပျူတာဘွဲ့ရရှိသူဖြစ်ရမည်။ | (၁)ဦး |
| (ဂ) | စာရင်းကိုင်-၄<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ ) | စီးပွားရေးဘွဲ့(သို့မဟုတ်)<br>တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု<br>ရရှိပြီး အခြေခံစာရင်းကိုင် ပညာ<br>လက်မှတ်ရရှိသူဖြစ်ရမည်။ | (၁)ဦး |

၂။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြဆောင်ရွက်နိုင်သူဖြစ်ရမည်-

(က) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် ( ၃၀ )နှစ် ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး ကိုဗစ်ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးသူဖြစ်ရမည်။(အထောက်အထား တင်ပြနိုင်ရမည်)

(ဂ) မဟာဘွဲ့/ပါရဂူဘွဲ့ရရှိထားသူများလည်း လျှောက်ထားနိုင်သည်။(အဆိုပါ ဘွဲ့ရရှိသူများအား အသက်သတ်မှတ် ချက်လျှော့ပေါ့စဉ်းစားပေးမည်ဖြစ်သည်)

(ဃ) ကွန်ပျူတာအခြေခံ အသုံးပြုနိုင်သူဖြစ်ရမည်။(အောင်လက်မှတ်တပါတည်း တင်ပြနိုင်ရမည်။)

(င) အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။ ဝန်ခံကတိလက်မှတ်ရေးထိုးရမည်။

(စ) အလုပ်သမားမှတ်ပုံတင်ထားသူ ဖြစ်ရမည်။ ( ဝန်ထမ်းမဟုတ်သူများ )

(ဆ) နေရာဒေသမရွေး (အထူးသဖြင့် နေပြည်တော်၊မွန်ပြည်နယ်၊မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) များရှိ ရုံးခွဲများသို့ ) တာဝန်ချထားပါက သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်။လျှောက်လွှာများကို အောက်ပါစာရွက်စာတမ်း များပူးတွဲလျက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၂)၊နေပြည်တော်နှင့် အမှတ် (၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲသို့ (၁၆-၉-၂၀၂၂ )ရက်နေ့ နောက်ဆုံး ထား၍ပေးပို့ရမည်-

(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ/ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်)၊အောင်မြင်ကြောင်းထောက်ခံချက်

(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းနှင့်ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း(လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း)

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၂)လအတွင်း ရိုက်ကူးထားသောလိုင်စင်ဓါတ်ပုံ(၃)ပုံ (အင်္ကျီအဖြူရောင်၊ နောက်ခံအပြာရောင် ဓါတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန် )

(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း

(င) နိုင်ငံသားစိစစ်ရေးကတ်/သက်တမ်းရှိအလုပ်သမားမှတ်ပုံတင်မိတ္တူ

(စ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်နှင့်ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)

၄။ လျှောက်ထားသူများသည် စာမေးပွဲကြေးကျပ် ၁၀၀၀/-(ကျပ် တစ်ထောင်တိတိ)ကို နေပြည်တော်၊ မြန်မာ့ စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ငွေစာရင်းအမှတ် MD 011092 သို့လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် ၊ ဘဏ်ခွဲ ( ၅ ) ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ၊ ငွေစာရင်းအမှတ် MD 012978 သို့လည်းကောင်း ပေးသွင်းနိုင်သည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ Website ( www.ptd.gov.mm ) တွင် Download ရယူနိုင်ပါသည်။

၅။ လျှောက်ထားသူများသည် လူတွေ့စစ်ဆေးခြင်းနှင့်ကျွမ်းကျင်မှုစစ်ဆေးခြင်းအား (၂၆-၉-၂၀၂၂ ) ရက်နေ့တွင် လူတွေ့စစ်ဆေးမှုခံယူရမည်ဖြစ်ပါသည်။

၆။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် (၂) ၊နေပြည်တော်သို့ လိပ်မူ၍ သက်ဆိုင်ရာဌာနမှတစ်ဆင့် ( ၂၃-၉-၂၀၂၂ )ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရပါမည်။

(လျှောက်လွှာ (၁) စုံအား ကြိုတင်မိတ္တူပေးပို့ထားရမည်ဖြစ်ပါသည်)

၇။ လျှောက်လွှာနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျခြင်းနှင့်စာရွက်စာတမ်းများ ပြည့်စုံခြင်းမရှိပါက အဆိုပါလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းနံပါတ် ၀၆၇-၃၄၀၇၂၅၀ ၊ ၀၉-၄၅၀၀၀၀၃၁၄ ၊ ၀၉-၅၄၂၁၁၀၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (အကြောင်းအမျိုးမျိုးကြောင့် နေ့ရက် ၊ အချိန် ပြောင်းလဲမှုဖြစ်ပေါ်ပါက ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။)